# (၁၆-၁၀-၂၀၂၀) မှ (၂၂-၁၀-၂၀၂၀)ထိ ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ(၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၄ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံတွင် ဆန်အမျိုးအစားများအားလုံး ဈေးကျဆင်းခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ (၅ %) ဆန်မှာ ဈေးကျဆင်းခဲ့ပြီး ဧည့်မထ (၂၅ %) ဆန်မှာ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများ တည်ငြိမ် လျက်ရှိသည်ကို သိရှိရပါသည်။

၃။ ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Chinadaily.com.cn တွင်ဖော်ပြချက်အရ တရုတ်နိုင်ငံတွင် ဆန်စပါး စိုက်ပျိုးမှုဧရိယာ ဟက်တာ သန်း ၃၀ ကျော်အထက်တွင်ရှိနေပြီး နှစ်စဉ် စပါးစိုက်ပျိုး ထုတ်လုပ်နိုင်မှု တန်ချိန် သန်း ၂၀၀ ကျော် ထွက်ရှိကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီး Han Changfu က ပြောကြားခဲ့သည်ကို သိရှိရ ပါသည်။ အစိုးရအနေဖြင့် အဓိက ဆန်စပါး စိုက်ပျိုးရာဒေသများနှင့် တောင်သူများအား ဆန်စပါး စိုက်ပျိုး ထုတ်လုပ်နိုင်မှု အစဉ်အလာကို ထိန်းသိမ်းနိုင်ရန်အတွက် လျော်ကြေး

နစ်နာကြေးများပေး ခြင်း၊ ဆွဲဆောင်မှု မက်လုံးများပေး၍ အာမခံ Policy များ ချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် ဆန် စပါးစိုက်ပျိုးသူ တောင်သူများအား အားပေး တိုက်တွန်းလျက်ရှိကြောင်း သိရှိရပါသည်။

၄။ တရုတ်နိုင်ငံသည် အရည်အသွေး မြင့်မားသော လယ်ယာမြေ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပို့ဆောင်ရေးနှင့် သိုလှောင်မှုများအတွက် စိုက်ပျိုးရေး ဆိုင်ရာ စက်ပစ္စည်းကိရိယာများကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပြီး တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ မြေဆီလွှာ မြေသြဇာများကို ပိုမိုကောင်းမွန်စေရန် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၊ Heilongjiang ပြည်နယ်၊ Harbin တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဆန်စပါးပွဲတော် ဖွင့်ပွဲ အခမ်းအနား တွင် Han Changfu က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၅။ ဆန်စပါးစိုက်ပျိုးခြင်းတွင် စက်ပစ္စည်းယန္တရားများ အသုံးပြုမှုကို တိုးမြှင့်ဆောင်ရွက် မည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးတွင် ဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများ အသုံးပြုမှုကို လျှော့ချ နိုင်မည့် နည်းလမ်းကောင်းများဖြင့် အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်စပါးစိုက်ပျိုး ခြင်းလုပ်ငန်းများကို ကူညီထောက်ပံ့နိုင်ရန်အတွက် ဈေးကွက်ဝယ်လိုအားကိုလည်း မြှင့်တင်နိုင် ရန် စိစစ်ဆောင်ရွက်မည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာကွင်းဆက် တစ်လျှောက်တွင် အစားအစာ ပြန်းတီးပျက်စီးမှု လျော့နည်းစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း Han Changfu က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၆။ အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် ပြည်တွင်းဆန် အမှတ်တံဆိပ်များစွာ တိုးမြှင့်၍ ထုတ်လုပ်နိုင်စေရန်လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း၊ တရုတ်နိုင်ငံ၏ ဆန်စပါးစိုက်ဧရိယာသည် ကမ္ဘာ့ဆန်စပါး စိုက်ဧရိယာ၏ ၂၀ % အထိရှိ ပြီး၊ ကမ္ဘာ့ဆန်ထုတ်လုပ်နိုင်မှု စုစုပေါင်း၏ ၄၀ % ခန့်ရှိကြောင်း ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းအချက်အလက်များအရ သိရှိရပါသည်။

၇။ ထိုင်းနိုင်ငံတွင် ပြည်ပဆန် ပို့ကုန်ဈေးများ ဆက်လက် ကျဆင်းလာခဲ့ပြီး ကမ္ဘာ့ဆန် ဝယ်လိုအားမှာလည်း တည်ငြိမ်နေခြင်းကြောင့် ယခုလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုနှုန်းမှာ

လည်း ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်ကို သိရှိရပါသည်။ ယခုလကုန်တွင်လည်း စပါး ရိတ်သိမ်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ပြီးစီးတော့မည်ဖြစ်သဖြင့် ကောက်သစ်ပေါ်ချိန် ဖြစ်၍ ဈေးနှုန်းများ ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့ အခြေစိုက်ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၈။ ထိုင်းနိုင်ငံ၏ ဧည့်မထ (၂၅ %) ဆန်မှာယခင်အပတ်က တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၇၀-၄၇၈ ဒေါ်လာရှိခဲ့ရာမှ ယခုအပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၆-၄၆၈ ဒေါ်လာသို့ ကျဆင်းလာခဲ့ပြီး ငွေကြေးလဲလှယ်မှုနှုန်း အတက်အကျကြောင့် ဈေးနှုန်း အတက်အကျ အနည်းငယ်ရှိခဲ့ကြောင်း ကုန်သည်များက မှတ်ချက်ပြု ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၉။ ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း ပြီးခဲ့သည့်လများ အတွင်း ပြည်ပသို့ ဆန်တင်ပို့မှုများစွာ ပြုလုပ်ခဲ့ရပြီးနောက် ယခုအခါတွင် ဝယ်လိုအား ပြန်လည် အားပျော့လာခြင်းကြောင့် အိန္ဒိယဆန် ပို့ကုန်ဈေးများ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၅ %) ဆန်သည် ယခင်အပတ်ကအတိုင်း မပြောင်းလဲပဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆-၃၈၂ ဒေါ်လာတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခင်နှစ်ကထက် ၄၂ % မြင့်တက်ခဲ့ကာ တန်ချိန် ၁၄ သန်းအထိ စံချိန်တင် မြင့်တက်လာနိုင်ကြောင်း သိရှိရပါသည်။

၁၀။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ (၅ %) ဆန်သည် ယခင်အပတ်က တစ်တန်လျှင် ၄၅၇-၄၇၀ ဒေါ်လာအကြား ရပ်တည်ခဲ့ရာမှ ယခုအပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅-၄၇၇ ဒေါ်လာသို့ မြင့်တက်လာခဲ့ကြောင်း၊ ဖိလစ်ပိုင်ဆန်ကုန်သည်များမှ ဆန်ဝယ်ယူရန် စိတ်အား ထက်သန်နေသော်လည်း အများစုက ဈေးနှုန်း အကျကိုသာ မျှော်မှန်းလျက်ရှိကြကြောင်း ဟိုချီမင်း မြို့ အခြေစိုက် ကုန်သည်များက ပြောကြား ခဲ့သည်ကို သိရှိရပါသည်။

၁၁။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် တင်ဒါစနစ်ဖြင့် မိုးစပါး ဝယ်ယူ ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးနှင့် ကန်ထရိုက်စာချုပ် (မူကြမ်း) ပြုစုရေးအဖွဲ့က

ရေးဆွဲထားရှိသည့် စပါး ဝယ်ယူမည့် စီမံချက်၊ တင်ဒါ စည်းကမ်း သတ်မှတ်ချက်များ၊ စပါးဝယ်ယူ၍ ဆန်ပေးသွင်းခြင်းဆိုင်ရာ သဘောတူ စာချုပ်မူကြမ်းများနှင့် စပ်လျဉ်း၍ အောက်တိုဘာလ ၁၃ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထွက် စပါးများကို အခြေခံရည်ညွှန်းဈေးအောက် ကျဆင်းပါက တိုင်းဒေသကြီး/ ပြည်နယ် ငါးခုအတွက် ငွေကျပ် ဘီလီယံ ၂၀ အသုံးပြုကာ ဝယ်ယူ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ထံမှ သိရှိရပါသည်။

၁၂။ အဆိုပါ ဘတ်ဂျက်ငွေများကို နိုင်ငံတော် လှည့်ပတ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားမည် ဖြစ်ပြီး၊ ယခင်နှစ်က ဝယ်ယူပေးခဲ့သည့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့အပြင် တနင်္သာရီ တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ ထပ်တိုးလာခြင်း ကြောင့် စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခုအထိ ရှိလာကြောင်း ၊ တိုင်းဒေသကြီး ပြည်နယ် ၅ ခုရှိ မြို့နယ်ပေါင်း ၇၆ မြို့တွင် ဝယ်ယူရန် လုပ်ငန်းရှင်များအား တင်ဒါအဆိုပြုလွှာများ စတင်ဖိတ်ခေါ်နေပြီဖြစ်ကြောင်း လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က အောက်တိုဘာ ၁၄ ရက်နေ့တွင် ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

၁၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်တိုဘာလ ၁၄ ရက်နေ့မှ ၂၈ ရက်နေ့ အထိ ရောင်းချသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါ စည်းမျဉ်းများကို စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများတွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရပါ သည်။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများကို အောက်တိုဘာလ ၂၈ ရက်နေ့ ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်း အဖွဲ့များထံ တင်သွင်းနိုင်ပြီး တင်ဒါအောင်မြင်သူများကို နိုဝင်ဘာလ ၆ ရက်နေ့တွင် ကြေညာသွား မည်ဖြစ်ပြီး တစ်ပတ်အတွင်း စာချုပ်ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ဒါလက်ခံ စိစစ်ရေး ကော်မတီ၊ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

၁၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စပါးကို အခြေခံရည်ညွှန်း ဈေးနှုန်းဖြစ်သည့် တင်းတစ်ရာလျှင် ၅၂၀၀၀၀ အောက် ကျဆင်းလာပါက ဝယ်ယူပေးမည်ဖြစ်ပြီး ယခင်နှစ်က အစိုးရမှ အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူမှု နောက်ကျခဲ့ခြင်းကြောင့် စပါးဈေး ကျဆင်းမှုကို အပြည့်အဝ ထိန်းပေး နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း တောင်သူများနှင့် ကုန်သည်များက ပြောကြားကြသည်ကို သိရှိရပါသည်။ ဝယ်ယူသည့်အချိန်တွင် ယခင်နှစ်များတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကဲ့သို့ မဖြစ်ပေါ်စေရန် ဝယ်ယူမည့် နည်းလမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ အကြံပြုချက်အလိုက် ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် စပါးဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လှည့်ပတ်ရန်ပုံငွေ ကျပ်ဘီလျံ ၂၀ အား တောင်းခံခဲ့ရာ စီးပွားရေးကော်မတီ၏ ခွင့်ပြုချက် ရရှိပြီးဖြစ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းသို့ ဆက်လက်တင်ပြထားပြီဖြစ် ကြောင်း လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၁၅။ လက်ရှိတွင် အစိုးရအနေဖြင့် စပါးဝယ်ယူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ စပါး၊ ဆန် ဝယ်ယူကြီးကြပ်မှုလုပ်ငန်းအဖွဲ့များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်းနှင့် ဆန်စပါးကုန်သည်များအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တင်ပြချက်များကို စုစည်းကာ စပါးဝယ်ယူရေး အဆင်ပြေစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၁၆။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင် အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၀-၂၀၂၁ မိုးစပါးနှင့် နွေစပါးတို့ကို စပါးသီးနှံ စိုက်ပျိုး ထုတ်လုပ်သော တောင်သူလယ်သမားများအား သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရက အစိုဓာတ် (၁၄ %)၊ အဖျင်းအမှော်၊ ဖုံ၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် (၄၆) ပေါင်ကိုက် စပါးတင်း

(၁၀၀) ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ကျပ်ငွေ (၅၂၀၀၀၀) သတ်မှတ်ထားခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

၁၇။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရေးသည် ဆန်စပါးဈေးကွက် တည်ငြိမ်ခိုင်မာမှုရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ အစိုးရမှ ဆန်/စပါး များ ဘဏ္ဍာနှစ်အလိုက် ဝယ်ယူရခြင်းဖြစ်ကာ ဆန်စပါးများ ဝယ်ယူရာတွင် တင်ဒါအောင်မြင်သူ များအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား ထိခိုက်မှုမရှိစေပဲ အစိုးရက သတ်မှတ် ထားသည့် ဈေးနှုန်းအတိုင်း ဝယ်ယူသွားရန် အရေးကြီးကြောင်း၊ ယခင်နှစ်က ဧရာဝတီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အခြေခံဈေးနှုန်းအောက် ကျဆင်း ခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ငွေကျပ် ၁၅ ဘီလီယံကို အသုံးပြုကာ ဝယ်ယူရာတွင် ငွေကျပ် ၆.၅၀ ဘီလီယံဖိုးခန့် ဝယ်ယူပေးခဲ့ကြောင်း သိရှိရပါသည်။

၁၈။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လ ၂၁ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၁၉၉ ကျပ် နှုန်းရှိပြီး၊ ဧည့်မထ၂၅ % ဆန်တစ်အိတ်လျှင် ၂၂၈၈၅ ကျပ်မှ ၂၃၈၈၀ ကျပ်ကြား ပေါက်ဈေး ရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် ၁ ဘတ်လျှင် ၄၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၁၉။ တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၃၀၀ ကျပ်၊ မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ဧည့်မထဆန် တစ်ပြည် လျှင် ၁၉၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ကျိုင်းတုံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၁၁၅၀ ကျပ်၊ ဘားအံမြို့တွင် ၁၁၀၀ ကျပ်နှင့် စစ်တွေမြို့တွင် ၁၀၅၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၂.၆၄ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ တတိယပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။